**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်

**ရေကြောင်းညွှန်ကြားချက်၊ ၁ / ၂၀၂၅**

**မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များတွင်ကုန်စည်တင်ဆောင်ခြင်းဆိုင်ရာညွှန်ကြားချက်**

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များတွင် မကြာခဏ ရေယာဉ်မတော်တဆမှုများဖြစ်ပွားခြင်းကြောင့် ရေယာဉ်ဝန်ထမ်းများထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်အန္တရာယ်ဆုံးရှုံးခြင်း နှင့် ရေယာဉ်ပျက်စီးဆုံးရှုံးခြင်း တို့ကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဤရေကြောင်းညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များသည် ကုန်စည်တင်ဆောင်ခွင့်မရှိသော နေရာများတွင် ကုန်စည်နှင့်အန္တရာယ်ရှိကုန်ပစ္စည်းများ (Dangerous Goods) တင်ဆောင်ခြင်းကြောင့် ရေယာဉ်မီးလောင်ခြင်း၊ ရေယာဉ်၏ကုန်းပတ်ပေါ်တွင် သတ်မှတ်ထားသောကုန်စည်ထက် ပို၍ ကုန်စည်များ တင်ဆောင်ခြင်းကြောင့် ရေယာဉ်တည်ငြိမ်မှုပျက်ပြားပြီး ရေယာဉ်တိမ်းစောင်းနစ်မြုပ်ခြင်း၊ ပင်လယ်ပြင်တွင် ရာသီဥတုဆိုးရွား၍ လှိုင်းလေကြီးသောအချိန်များတွင် ကုန်ပစ္စည်းများကို ချည်နှောင်ထားသောကြိုးများ ပြတ်တောက်ကာ ကုန်ပစ္စည်းများ ရွေ့လျားမှုကြောင့် ကုန်စည်များပျက်စီးခြင်းနှင့် ရေယာဉ်တိမ်းစောင်းနစ်မြုပ်ခြင်းစသည့် ရေယာဉ်မတော်တဆမှုဖြစ်စဉ်များဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

၃။ ထို့ကြောင့် မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များတွင် အောက်ဖော်ပြပါနေရာများအား ကုန်စည်များ တင်ဆောင်ခွင့်မရှိသောနေရာများအဖြစ် သတ်မှတ်လိုက်သည်-

(က) ရေယာဉ်ဦးပိုင်းရှိ စတိုခန်းများနှင့် ကျောက်ကြိုးသိမ်းဆည်းခန်းများ၊

(ခ) ရေယာဉ်ကုန်းပတ်ပေါ်ရှိ လူသွားလမ်းများ၊

(ဂ) စက်ခန်းဘေးရှိ လူသွားလမ်းများနှင့် နေရာလွတ်များ၊

(ဃ) လူနေခန်းပြင်ပကုန်းပတ်ပေါ်ရှိ လူသွားလမ်းများနှင့် နေရာလွတ်များ၊

( င ) လူနေခန်းများနှင့် စတိုခန်းများ၊

( စ ) မီးခိုးခေါင်းတိုင်ဘေးရှိ လူသွားလမ်းများ နှင့် နေရာလွတ်များ၊

(ဆ) ပွဲစင်ခန်းဘေးရှိ လူသွားလမ်းများ နှင့် နေရာလွတ်များ၊

( ဇ ) ပွဲစင်ခေါင်မိုး၊

( ဈ ) ရေယာဉ်ပွဲပိုင်းရှိ စတိုခန်းများနှင့် အရေးပေါ်တက်မခန်း။

၄။ အလျား ၅၅ မီတာ (ပေ ၁၈၀) နှင့် အထက်ရှိသောရေယာဉ်များတွင် ပွဲစင်မှကြည့်လျှင် ရေယာဉ်၏ဦးထိပ်မှ ရေယာဉ်အလျား၏နှစ်ဆပို၍လည်းကောင်း၊ မီတာ ၅၀၀ ထက်ပို၍ လည်းကောင်း မြင်ကွင်းပိတ်ဆို့မှု မရှိစေရ။

၅။ ရေယာဉ်ပိုင်ရှင်၊ ကုမ္ပဏီ၊ ရေယာဉ်ကြီးကြပ်သူ၊ ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်းတို့သည် မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များပေါ်တွင် အပိုဒ် ၃ ပါ နေရာများ၌ ကုန်ပစ္စည်းများ တင်ဆောင်မှုမရှိစေရေးနှင့် ကုန်ပေါက်နှင့်ကုန်တင်ဆောင်ရမည့်နေရာတွင်သာ တင်ဆောင်ရန် တိကျစွာလိုက်နာဆောင်ရွက်ရမည်။

၆။ တိုင်းတာစစ်ဆေးရေးမှူးများ၊ စစ်ဆေးရေးအရာရှိများ နှင့် စစ်ဆေးရေးအဖွဲ့များအနေဖြင့် မြန်မာ့ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များတွင် ကုန်စည်တင်ဆောင်မှုအခြေအနေများအား ရှောင်တခင်စစ်ဆေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ ပင်လယ်ပြင်ထွက်ခွာခွင့်အတွက် တင်ပြစဉ် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၇။ မြန်မာ့ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များပေါ်တွင် အပိုဒ် ၃ ပါနေရာများ၌ ကုန်စည်များ တင်ဆောင်ထားမှုကို စစ်ဆေးတွေ့ရှိပါက ရေယာဉ်ပိုင်ရှင်၊ ကုမ္ပဏီ၊ ရေယာဉ်ကြီးကြပ်သူ၊ ရေယာဉ်မှူးနှင့် ကုန်စည်တာဝန်ခံတို့အား မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပုဒ်မ ၂၂၉ နှင့် ၂၃၂ တို့အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာကိုကိုနိုင်

ခေတ္တညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

ပြည်နယ်နှင့်တိုင်းဒေသကြီးရုံးများဌာနခွဲ (အောက်မြန်မာပြည်) } သက်ဆိုင်ရာနယ်ရုံးခွဲများသို့ ဆက်လက်ဖြန့်ဝေပေးရန်။

နိုင်ငံခြားသွားသင်္ဘောပိုင်ရှင်များအသင်း

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်

ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

မြန်မာနိုင်ငံကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များအသင်း

ရန်ကုန်တိုင်းကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

တနင်္သာရီတိုင်းကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

ရခိုင်ပြည်နယ်ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

} သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်များအား ထပ်ဆင့်အသိပေး အကြောင်းကြားရန်။

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း

မိတ္တူကို

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ရေကြောင်းရဲတပ်ဖွဲ့

ရေပြင်ပိုင်းဆိုင်ရာရှာဖွေကယ်ဆယ်ရေး ညှိနှိုင်းကွပ်ကဲမှုဌာနချုပ်

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့

ငါးလုပ်ငန်းဦးစီးဌာန

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

မြန်မာ့သစ်လုပ်ငန်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း (အမှတ် (၂)၊ အကြီးစားစက်မှုလုပ်ငန်း)

ရုံးလက်ခံ။